**စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်**
**ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ**

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပုလဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို ဖတ်ကြားသွားမှာဖြစ်ပါတယ်။

ကျွန်တော်ကတော့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆိုင်ရာကော်မတီ၏ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်ခင်ဗျာ။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၏ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီသည် ချောင်းဦးမြို့နယ်၊ မြောင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်ဆုံရာရှိ ဆင်ဖြူရှင် တံတား၏တံတားဖြတ်သန်းခများ ပိုမိုကောက်ခံနေကြောင်း၊ ဒေသခံပြည်သူ လူထု၏တင်ပြစာအရ လွှတ်တော်ဥက္ကဋ္ဌကြီး၏ တာဝန်ပေးချက်ဖြင့် (၈.၁၀.၂၀၁၇) ရက်နေ့တွင် လွှတ်တော်အစီအစဉ်ဖြင့် ကော်မတီအဖွဲ့ဝင်(၈)ဦး ကွင်းဆင်းဆောင်ရွက်ခဲ့ပါတယ်။ ဆင်ဖြူရှင်တံတားရှိ မီးရထားရိပ်သာတွင် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မြောင်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ချောင်းဦးမြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပခုက္ကူမီးရထားတိုင်း(၁၀)မှ တာဝန်ရှိသူများ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒေသခံပြည်သူများမှ တင်ပြရာတွင် ဆိုင်ကယ်မှအစပြု၍ ယာဉ်များဖြတ်သန်းခကောက်ခံရာတွင် သတ်မှတ်နှုန်းထားထက် (၂)ဆကျော်ခန့် ကောက်ခံ နေကြောင်း တံတားဖြတ်သန်းခပြေစာများနှင့်တကွ ပူးတွဲတင်ပြကြပါတယ်။ တံတားဖြတ်သန်းခ တာဝန်ယူကောက်ခံသူကလည်း ဒေသခံများတင်ပြခဲ့သည့်အတိုင်း ကောက်ခံခဲ့ပါကြောင်း ဝန်ခံထွက် ဆိုခဲ့ပါတယ်။ ထို့နောက် တံတားကြေးကောက်ခံနေသည့် နေရာများသို့ သွားရောက်ပြီး၊ တံတားဖြတ်သန်းခပေးခဲ့ပြီးသော ခရီးသွားယာဉ်များအား ရပ်တန့်စေပြီး၊ တံတားဖြတ်သန်းခ မည်မျှပေးခဲ့ရကြောင်း၊ မေးမြန်းခဲ့ရာ သတ်မှတ်နှုန်းထားထက်(၂)ဆကျော်ခန့် ပေးခဲ့ရကြောင်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီ၏ ကွင်းဆင်းစစ်ဆေး တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

(က) ယာဉ်ဖြတ်သန်းခကောက်ခံရာတွင် သတ်မှတ်နှုန်းထားထက် (၂)ဆကျော် ကောက်ခံနေခြင်း၊

(ခ) စာချုပ်ပါစည်းကမ်းချက်များတွင် တံတားနှစ်ဘက်မှ တံတားအဝင်ကားများကို ချိန်တွယ်ရန် ဒစ်ဂျစ်တယ်ကတ္တားအသေးများကို ဆောင်ရွက်ထားရှိပြီး ချိန်တွယ်ရန် ပါရှိသော်လည်း ဒစ်ဂျစ်တယ်ကတ္တားများ လုံးဝ တပ်ဆင်ထားမှုမရှိခြင်း၊

(ဂ) (CCTV) ကင်မရာများကို အမြဲကောင်းမွန်စေရေး ဆောင်ရွက်ထားရှိပေးရန် စာချုပ်မှာ ပါသော်လည်း (CCTV)ကင်မရာများကို ဟန်ပြတပ်ဆင်ထားရှိပြီး မှတ်တမ်းတင်မှု လုံးဝမရှိခြင်း၊

(ဃ) မီးရထားဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးကြပ်မှု အားနည်းခြင်း၊ ပြည်သူများ၏ တင်ပြချက်များကို အလေးထားဆောင်ရွက်မှု မရှိခြင်း၊

(င) ဖြတ်သန်းခကောက်ခံရန် သတ်မှတ်မထားသော တောင်သူသုံး ကျွဲ၊ နွား၊ မြင်း စသည့်တိရစ္ဆာန်များကိုပါ ကောက်ခံနေခြင်း၊

(စ) တံတားချဉ်းကပ်လမ်းများ ပျက်စီးနေသော်လည်း ပြင်ဆင်ထိန်းသိမ်းမှုမရှိခြင်း၊

သို့ဖြစ်ပါ၍ အထက်ပါစိစစ်တွေ့ရှိချက်များအရ အောက်ပါအတိုင်း အရေးယူ ဆောင်ရွက်သင့်ပါကြောင်းနှင့် မိမိတို့ကော်မတီ၏ အစီအရင်ခံစာကို လွှတ်တော်၌ မှတ်တမ်းတင်ပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျာ-

(က) စာချုပ်ပါစည်းကမ်းချက်များကို ဖောက်ဖျက်သော လုပ်ငန်းရှင် ဦးဇင်မင်းထိုက် အား သက်ဆိုင်ရာ မီးရထားဌာနအနေဖြင့် စာချုပ်ပါစည်းကမ်းအပိုဒ်၅(ဃ)နှင့် အပိုဒ်၆(ခ) တို့အရ တင်ဒါလုပ်ငန်းပြီးဆုံးရန်ကျန်ရှိသည့် လုပ်ငန်းကာလ (၂)လအား အမြန်ဆုံး ဖျက်သိမ်းရန်၊ ကြိုတင်ပေးသွင်းငွေနှင့် အာမခံစပေါ်ငွေ နှစ်ရပ်စလုံးကို နိုင်ငံတော် ဘဏ္ဍာအဖြစ် မဖြစ်မနေ သိမ်းယူရန်။

(ခ) စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအနေဖြင့် လမ်း၊ တံတားများဆိုင်ရာ တည်ဆဲဥပဒေ အရ လုပ်ငန်းရှင်သည် အခန်း(၅)၊ ပုဒ်မ(၁၁)ကို ကျူးလွန်သောကြောင့် အခန်း(၆)၊ ပုဒ်မ(၁၅)ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထိရောက်စွာအရေးယူပေးရန်။

(ဂ) လေလံစည်းကမ်းဖောက်ဖျက်သူနှင့် သက်ဆိုင်သူများအား လေလံဆွဲခွင့် မပြုရန်နှင့် အမည်ပျက်စာရင်းကြေညာပေးရန်။

(ဃ) ပျက်စီးနေသော တံတားနှစ်ဘက်မှ ချဉ်းကပ်လမ်းများအား အမြန်ဆုံး ပြုပြင်ပေးရန်။

(င) (၂)နှစ်တစ်ကြိမ်သာ လေလံပစ်ရန်။

(စ) လေလံပစ်ပါက တောင်သူသုံး ကျွဲ၊ နွား၊ မြင်း စသည့်တိရစ္ဆာန်များနှင့် ဆိုင်ကယ်၊ ထွန်စက်များအား တံတားဖြတ်သန်းခ ကင်းလွတ်ခွင့်ပေးရန်။

(ဆ) တံတားဖြတ်သန်းခနှုန်းထားများ သတ်မှတ်ရာတွင် ပေးချေရလွယ်ကူသော နှုန်းထားများသတ်မှတ်ပေးရန်။ (ဥပမာ ၁၅၀၊ ၃၅၀၊ ၅၅၀) စသည့် ဆယ်ဂဏန်း အစွန်းထွက်ပါသော နှုန်းထားများ ထည့်သွင်းမပေးရန်။

(ဇ) တံတားထိပ်နှစ်ဘက်တွင် စိုက်ထူထားသော တံတားဖြတ်သန်းခနှုန်းထား ဆိုင်းဘုတ်များတွင် ခရီးသွားပြည်သူများမှ မကျေနပ်ပါက တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များ တစ်ပါတည်းထည့်ထား ပေးရန်တို့ဖြစ်ပါတယ်။

ဆင်ဖြူရှင်တံတားရဲ့ ဖြတ်သန်းခပြေစာတွေကိုလည်း လက်ရှိ ကျွန်တော်တင်ပြတဲ့ အစီရင်ခံစာမှာ ပူးတွဲတင်ပြထားပါတယ်ခင်ဗျာ။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိကျွန်တော်တို့ ကော်မတီအနေနဲ့ တင်ပြတဲ့ ဆင်ဖြူရှင်တံတားနဲ့ပတ်သက်တဲ့ အစီရင်ခံစာကို တိုင်းဒေသကြီးအစိုးရအနေနဲ့ မှန်မှန်ကန်ကန် ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို လွှတ်တော်အနေနဲ့ အထူး အလေးထားပြီး စောင့်ကြည့်ပေးပါရန် တင်သွင်းအပ်ပါတယ်ခင်ဗျာ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဦးဇော်ထက်
အဖွဲ့ဝင်
ပို့ဆောင်ရေး၊ဆက်သွယ်ရေးနှင့်
ဆောက်လုပ်ရေးဆိုင်ရာကော်မတီ